မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၇၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H. E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H. E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၂၇ ရက်)

စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် အခိုင်အမာတည်ဆောက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်

မတ်လ၂၇ရက် (ယနေ့)သည် (၆၄)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ထူးခြားသော သမိုင်းဝင်နေ့လည်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးသည် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံ၏အသက်သွေးကြောပင် ဖြစ်သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သော အစိုးရသည် တည်တံ့ခိုင်မြဲမှုရှိပါမှ လွတ်လပ်ရေး ထာဝစဉ်ခိုင်မြဲမည် ဖြစ်သည်။

ယနေ့တပ်မတော်သည် အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဖော်ဆောင်ခဲ့ပေသည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။

ယနေ့တပ်မတော်သည် မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသော တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသော တပ်မတော် စသည့် အစဉ်အလာ (၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းလျက်ရှိသည်။

တပ်မတော်၏အစဉ်အလာများကို စောင့်ထိန်းနိုင်ရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဟူသည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံရန် ကျင့်ကြံနေထိုင်လျက်ရှိသည်။

တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အခြားတစ်ဖက်၌လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နေ့ညမနား လုပ်ကိုင်ပေးလျက်ရှိသည်။ ဒေသအနှံ့ရောက်ရှိခဲ့ကြသော တပ်မတော်သားများသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် သယ်ပိုးထမ်းရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်အကောင်အထည်ဖော်ရာ၌ (၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များကို တပ်မတော်သားများနှင့်အတူ တိုင်းရင်းသားပြည်သူများက လက်တွဲပါဝင် ဖော်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၀၉ (သောကြာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **ဒုလ္လဘနှင့် ကြုံရပြန်သော်** တရားတော် (ဒုတိယပိုင်း) ဘဒ္ဒန္တသောဘဏ (အဘယာရာမ ဆရာတော်)
- ၈:၀၅-၂:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀-၂:၁၀ အမျိုးသားပြတိုက် မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်း
- ၈:၂၅-၂:၂၅ VJ Choice
- ၉:၀၀-၃:၀၀ နား၊ နှာခေါင်း၊ လည်ချောင်း ပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ပွဲ
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ Art Vision (10 + One Contemporary Art Exhibition)
- ၉:၃၅-၃:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀-၃:၄၀ **ချစ်သောမြေ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၉:၅၅-၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀-၄:၀၀ စားချင်စဖွယ် နည်းအသွယ်သွယ် (မုန့်လာဥနီ နန္တင်းမကင်း)
- ၁၀:၁၀-၄:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၅-၄:၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဖေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၃၅-၄:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀-၄:၄၀ လှပချစ်စရာ လက်မှုအနုပညာ (Candy Brown)
- ၁၁:၁၀-၅:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၀-၅:၂၀ မင်းလှရေလှောင်တမံ
- ၁၁:၃၀-၅:၃၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၁၁:၄၅-၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၀-၅:၅၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄)(စစ်ရေးတေး)
- ၁၂:၁၀-၆:၁၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၁၂:၂၅-၆:၂၅ ရွှေမှုမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၁၂:၃၅-၆:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀-၆:၄၀ Shopping Guide (Mr. FONE Telecom Centre)
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ မဟာဂီတ ချိုကြည်မြ
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၃၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၅၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ရှင်သန်နေသော သီချင်းများ (Living Songs) ရွှာသာရွှာပါမိုးအစပြု၍ (အပိုင်း-၁) တေးရေးဆရာ R ခိုင်
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၆)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အမာမြို့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၂၆

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို မတ် ၂၃ရက်နံနက်က ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်နှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်တို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အမာမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး စောင်၊ နို့မှုန့်ဘူး၊ ခေါက်ဆွဲ၊ ဘီစကွတ် စသည်များကိုလည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က တိုင်းရင်းဆေးဝါးများကိုလည်းကောင်း ပေးအပ်ကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အမာမြို့ အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ပြီးစာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကြပြီး Cyclone Shelter ရှင်းလင်းဆောင်ခန်းမ၌ ကုမ္ပဏီတာဝန်ခံက တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ရေရရှိရေး ညောင်ဦး၌ဆောင်ရွက်

ညောင်ဦး မတ် ၂၆

ညောင်ဦး(ပုဂံ)မြို့နယ် မြက်ခါးတောကျေးရွာ ရေရရှိရေးအတွက် ခြောက်လက်မ စက်ရေတွင်းတူးဖော်မှု၊ ရေကန်၊ ရေစက်ရုံဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၁၀ရက်က မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ အင်ဂျင်နီယာမှူး ဦးဝင်းညွန့်နှင့် တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဂျီတီအိုင် ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

ဂျီတီအိုင်ကျောင်းများမှ ကျောင်းသားဟောင်းများ၏ (၈)ကြိမ်မြောက် ဂေါက်သီးရိုက် ပြိုင်ပွဲကို ဧပြီ ၃ရက်(သောကြာနေ့) နံနက် ၁၀နာရီမှစ၍ ရန်ကုန်မြို့ ပြည်လမ်း ၉မိုင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇေ(ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အိန္ဒိယနိုင်ငံ တာတာမော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သည့် နာနိုကား ဒီဇိုင်းသစ်ကို မတ် ၂၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲချက်များ မဟုတ်မမှန် လုပ်ကြံခြင်းဖြစ်ဟုဆို

ဂျီနီဗာ မတ် ၂၆

အကြမ်းမဖက်သည့် သဘောထားကွဲလွဲသူများအား နှိမ်နင်းပြီး ဝေဖန်သူများကို ဖမ်းဆီးအရေးယူမည်ဟူသော ပြည်ပရောက် လူ့အခွင့်အရေးအုပ်စုများ၏ စွပ်စွဲချက်များမှာ မဟုတ်မမှန် လုပ်ကြံထားခြင်းသာဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံက မတ် ၂၄ရက်တွင် တုံ့ပြန်ငြင်းဆန်လိုက်သည်။

လူ့အခွင့်အရေးဆိုင်ရာ ဗီယက်နမ်ကော်မတီက ဗီယက်နမ်နိုင်ငံ၏ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရာ၌ အောင်မြင်မှုများကို မျက်ကွယ်ပြုထားသည်ဟုလည်း ဗီယက်နမ်သံအမတ်ကြီးက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ စာဖြင့် အကြောင်းကြားလိုက်သည်။

ဗီယက်နမ်အစိုးရသည် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် တကွ အခြားနိုင်ငံများနှင့် ပုံမှန်ဆွေးနွေးကြောင်း သံအမတ်ကြီးက ထည့်သွင်းဖော်ပြလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာ့ဈေးနှုန်းအချိုသာဆုံးကား နာနို ဧပြီလ၌ စတင်ရောင်းချတော့မည်

မွမ်ဘိုင်း မတ် ၂၆

ကမ္ဘာပေါ်၌ ဈေးနှုန်းအသက်သာဆုံးကားဖြစ်သည့် နာနိုကားသစ်ကို အိန္ဒိယမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တာတာကားထုတ်လုပ်ရေးမှ ဈေးကွက်သို့တင်လိုက်ပြီဖြစ်သည်။

ရောင်းချမည်

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ တာတာမော်တော်ကား ကုမ္ပဏီဥက္ကဋ္ဌ ရာတန်တာတာက မွမ်ဘိုင်းမြို့အတွင်းရှိ နာနိုကား အရောင်းပြခန်းများတွင် ဧပြီ ၉ရက်မှ စတင်ကာရောင်းချမည်ဖြစ်ကြောင်း၊ ကားဝယ်ယူရန်အတွက် ကြိုတင်အမှာစာ ပေးပို့ထားသည့် အမှာစာစောင်ရေ ၁၀ သန်းမှ အလှည့်ကျစနစ်ဖြင့် ရွေးချယ်ကာ ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နာနိုကားများအနေဖြင့် တစ်နာရီလျှင် ၁၀၅ ကီလိုမီတာအထိ အမြန်ဆုံး မောင်းနှင်နိုင်မှာဖြစ်ကြောင်း၊ နောင်ရက်များမှာ နာနို၏ ခရီးသွားရက်များပင်ဖြစ်ကြောင်း ပြောကြားသွားသည်။

အကောက်ခွန်ခများအပါအဝင် အမေရိကန်ဒေါ်လာ ၂၅၀၀ ရှိရုံဖြင့် နာနိုကားကို ဝယ်ယူနိုင်မည် ဖြစ်သည်။ **(အင်တာနက်)**

● *ရှေ့ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်း ကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

ဂုဏ်ရည်မြင့်မား တပ်မတော်သား

တပ်မတော်သည်....

မြန်မာ့လက်ရုံး၊ မိုးသို့ချွန်း၍
နှလုံးရည်သွေး၊ ရဲနီစွေးစွေး
ဘိုးဘေးဘီဘင်၊ ရှေးယခင်မှ
အစဉ်အလာ၊ ဂုဏ်ထည်ဝါ၏
မြန်မာအတွက်၊ အသက်စွန့်ကာ
အမိန့်နာပြီး၊ ခိုင်မာသတ္တိ
စည်းကမ်းရှိ၍၊ စောင့်သိသစ္စာ
စဉ်သာရှင်လန်း၊ ပြည်တစ်ဝန်းကို
ငြိမ်းချမ်းစေသော တပ်မတော်။
ရေဆန် လေဆန်၊ မုန်တိုင်းထန်လည်း
မျိုးမာန်မချ၊ ဖွဲ့လုံ့လဖြင့်
ဘယ်မျှကြမ်းကြမ်း၊ ခရီးလမ်းကို
အေးချမ်းသာယာ၊ ပြည်မြန်မာ၌
စဉ်သာဖွံ့ဖြိုး၊ ဂုဏ်ရည်တိုးဖို့
ကောင်းကျိုးမျှော်မှန်း၊ ရှေ့ဆက်လှမ်းသည်
စွမ်းရည်ရှိသော တပ်မတော်။ ။

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

မျိုးမင်းနိုင်-မြောင်းမြ

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် **H.E.Mr. Li Changchun** ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြု နေ့လယ်စာ တည်ခင်းဧည့်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်တွင် အနုပညာရှင်များက မြန်မာ့အသံ ခေတ်ပေါ် တေးဂီတနှင့်တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun တို့သည် ဂုဏ်ပြုလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး ဧည့်သည်တော် H.E.Mr.Li Changchun က ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံပွဲတွင် တေးသံသာများဖြင့် ဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဧည့်သည်တော် H.E. Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အနုပညာရှင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပဲခူးမြို့ အထက(၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၆

ပဲခူးမြို့ အထက(၃)[ယခင်အမျိုးသားတန်းမြင့်ကျောင်း]တွင် နှစ်ပေါင်း ၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ဂုဏ်ထူးဆောင်အငြိမ်းစား ဆရာ ဆရာမကြီးများအား ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပူဇော်ပွဲသို့ ရန်ကုန်မြို့နေ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ဖုန်း-၀၉-၅၀-၇၁၀၇၁၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ဖုန်း- ၀၉-၅၁-၀၁၀၃၄၊ ဦးဖိုးကျား ဖုန်း-၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၉၉-၇၁၄၇၇၊ ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာမီမီထွန်း ဖုန်း-၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁၊ ဒေါ်သက်ဥမ္မာဒွေး ဖုန်း-၀၁-၅၁၀၃၀၂၊ ဒေါ်သီတာကြွယ် ဖုန်း-၀၉-၅၁-၃၈၆၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၃-၂၀၀၉ ရက်(သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ (၆၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၈း၂၀ ၂။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၅၀ ၃။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၁၅ ၃။ စိုက်ပါ ပျိုးပါ မြန်မာ့မြေလွှာ ဝင်ငွေလည်းရ ဝမ်းလည်းဝ
၄း၂၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ (တတိယနှစ်) (စီးပွားရေးပညာ အထူးပြုများ) (စီးပွားရေးပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ တပ်မတော်နေ့ ဂုဏ်ပြု ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၅း၁၅ ၈။ မြန်မာစာ၊မြန်မာစကား
၅း၃၀ ၉။ **မီးမီးရဲ့ ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)
၅း၄၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၅း၅၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အစီအစဉ်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၆၂)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁၁)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း(နေပြည်တော်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် ပြခန်းအဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ပြခန်းတွင် တင်ဆက်ပြသမှုဆိုင်ရာ နောက်ဆုံးပေါ် ခေတ်မီစက်သစ်များတပ်ဆင်ထား

နေပြည်တော် မတ် ၂၆

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ်တောရေးရာဝန်ကြီးဌာန နက္ခတ်တာရာပြခန်း(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အနီး အဆိုပါပြခန်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်ပြီး နက္ခတ်တာရာပြခန်း(နေပြည်တော်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် ဒစ်ဂျစ်တယ်ပရိုဂျက်တာ ပြသမှုစနစ်ဖြင့် ပြသမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သစ်တောတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နက္ခတ်တာရာပြခန်း (နေပြည်တော်) တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပမှ ကျွမ်းကျင်သူများနှင့် MRT ကုမ္ပဏီမှ အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို နက္ခတ်တာရာပြခန်း (နေပြည်တော်) ဥပစာ၌ကျင်းပရာ မင်္ဂလာအချိန်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နက္ခတ်တာရာပြခန်း (နေပြည်တော်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပက်ဖျန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နက္ခတ်တာရာပြခန်း(နေပြည်တော်)ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်း (နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ပင်မပြခန်းဆောင်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ တေးသံရှင် ဟေမာနေဝင်း၊ ကော်နီနှင့် ချောစုခင်တို့က စာရေးဆရာ ဒါရိုက်တာ ဘိုကလေးတင့်အောင် ရေးစပ်သီကုံးသည့် နက္ခတ်တာရာပြခန်း (နေပြည်တော်) ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နက္ခတ်တာရာပြခန်း (နေပြည်တော်)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို မြို့တော်ဂုဏ်အင်္ဂါရပ်အဖြစ်သာမက ပြည်သူလူထု အပန်းဖြေ ကြည့်ရှုနိုင်ရန်၊ ဗဟုသုတများ

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော်အကြီးအကဲက အာကာသသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ခေတ်မီနက္ခတ်တာရာပြခန်းတစ်ခု တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း(နေပြည်တော်) အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

တိုးပွားစေရန်နှင့် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များ အာကာသ သိပ္ပံပညာရပ်များကို လေ့လာ စူးစမ်းလိုစိတ်များ ကိန်းအောင်းဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ အနာဂတ် မျိုးဆက်သစ်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ အာကာသသိပ္ပံပညာရပ်များတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် ခေတ်မီနက္ခတ်တာရာပြခန်းတစ်ခု တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် စီမံချက်များရေးဆွဲခြင်း၊ ပြည်ပနိုင်ငံများရှိ နက္ခတ်တာရာပြခန်းများသို့ ကျွမ်းကျင်သူများ စေလွှတ်၍ လေ့လာစေခြင်းမျိုးကို ပြုလုပ်ခဲ့ပြီး လက်ရှိ တည်ဆောက်နေသည့် မြေအခြေအနေ၊ ရာသီဥတု၊ မြန်မာ့သွင်ပြင်လက္ခဏာများနှင့် လိုက်လျောညီထွေဖြစ်ပြီး ခေတ်မီလက်ရာများနှင့် အကြိမ်ကြိမ် ပုံပြုရေးဆွဲခဲ့ကြရကြောင်း။

နက္ခတ်တာရာပြခန်း ဒီဇိုင်းပုံစံနှင့် အဆောက်အအုံ တည်ဆောက်မှုအားလုံးသည် နိုင်ငံသား အင်ဂျင်နီယာများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုဖြစ်ပြီး အကြံပေးတိုင်ပင်ခံပညာရှင်အဖြစ် ခေါ်ယူထားသည့် နှစ်ပေါင်း ၃၀ကျော် နက္ခတ်တာရာပြခန်း တည်ဆောက်ရေး အတွေ့အကြုံရှိသူ ပြင်သစ်နိုင်ငံသား ပညာရှင်နှင့် နိုင်ငံတကာနက္ခတ်ဗေဒ သိပ္ပံပညာရပ်ဆိုင်ရာ အဖွဲ့ဝင် စင်ကာပူနိုင်ငံသား အကြံပေးပညာရှင်တို့ကိုယ်တိုင် တအံ့တသြချီးမွမ်းကာ မြန်မာတို့၏ အဆင့်အတန်းမြင့်သော စီမံခန့်ခွဲမှု၊ အင်ဂျင်နီယာပညာရပ်၊ စိတ်တူကိုယ်တူဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများအပေါ် မယုံနိုင်လောက်အောင်ဖြစ်ပြီး အထင်ကြီး လေးစားမှုခံရသည်အထိ နက္ခတ်တာရာပြခန်း(နေပြည်တော်)သည် မြန်မာနိုင်ငံ၏ဂုဏ်ကို ဖော်ထုတ်ပြသနိုင်သည့် ပြခန်းတစ်ခု၊ နိုင်ငံဂုဏ်ဆောင် ပြယုဂ်တစ်ခုဖြစ်ကြောင်း။

ယနေ့ ကမ္ဘာပေါ်တွင် ခေတ်မီနက္ခတ်တာရာပြခန်း တည်ဆောက်နိုင်သည့် နိုင်ငံများစွာ မရှိသေးကြောင်း၊ နက္ခတ်တာရာပြခန်း စုစုပေါင်း ၃၀၀ကျော်ခန့်သာရှိပြီး ခေတ်မီနည်းပညာနှင့် အဆင့်မြင့် ဒစ်ဂျစ်တယ်သုံး စက်ကိရိယာများတပ်ဆင်နိုင်သော နက္ခတ်တာရာပြခန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံအချို့၌သာ တည်ဆောက်ဖွင့်လှစ်နိုင်ကြောင်း၊ ယခု မြန်မာနိုင်ငံ၌ ခေတ်မီအဆင့်မြင့် နက္ခတ်တာရာပြခန်း တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။



နက္ခတ်တာရာပြခန်း(နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဝမ်းမြောက်ဂုဏ်ယူ

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ခုနှစ် နှစ်အစပိုင်း ယနေ့ မင်္ဂလာအချိန်အခါသမယ၌ ယခု အခမ်းအနားကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ၌ပါ အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒနှစ်တွင် အစောဆုံး စတင်ဖွင့်လှစ်နိုင်ခဲ့သည့် နက္ခတ်တာရာပြခန်း တစ်ခုဖြစ်၍ အင်မတန်မှပင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်သူပညာရှင် Mr. Jean-Francois က နက္ခတ်တာရာပြခန်း(နေပြည်တော်) တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နက္ခတ်တာရာပြခန်း(နေပြည်တော်)အတွက် နက္ခတ်တာရာကြည့် မှန်ပြောင်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြခန်းတည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များ ကိုယ်စား Mr. Jean-Francois အား လည်းကောင်း၊ MRT Co.,Ltd. မှ အင်ဂျင်နီယာများ ကိုယ်စား Chief Engineer ဦးကျော်ကျော် အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ပြပွဲအစီအစဉ်အဖြစ် ဒစ်ဂျစ်တယ်ပရိုဂျက်တာပြသမှု စနစ်ဖြင့် တင်ဆက်ပြသသည့် မြန်မာ့အလှ၊ မြန်မာ့ရှခင်းပြကွက်၊ အီဂျစ်ဖာရိုဘုရင်များနှင့် ကြယ်တာရာများ ဆက်စပ်ယုံကြည်မှု ဇာတ်လမ်းတိုပြကွက်၊ အနန္တစကြဝဠာပြကွက်နှင့် သန္တာကျောက်တန်း ရေအောက်ကမ္ဘာ (Kaluo' Kahina:Enchanted Reef) ပညာပေး ကာတွန်းဇာတ်လမ်းတို့ကို ကြည့်ရှုအားပေးကြသည်။

နက္ခတ်တာရာပြခန်း(နေပြည်တော်) သည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အနီး၌ တည်ရှိသည်။ ပြခန်းကို သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် နိုင်ငံသားပိုင် MRT Co.,Ltd. တို့ ပူးပေါင်း၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၉ရက်မှ ၂၀၀၉ခုနှစ် မတ် ၂၀ရက်အထိ အချိန်ကာလ လေးလခန့်အတွင်း တည်ဆောက်ခဲ့သည်။

တပ်ဆင်အသုံးပြု

ပြခန်းတွင် နက္ခတ်ပြခန်းပင်မဆောင်၊ ပညာပေးပြခန်းနှင့် ရှင်းလင်းဆောင်တို့ ပါဝင်ဖွဲ့စည်းထားပြီး တင်ဆက်ပြသမှုဆိုင်ရာ စက်ကိရိယာပစ္စည်းများကို နောက်ဆုံးပေါ် ခေတ်မီစက်သစ်များ တပ်ဆင်အသုံးပြုထားသည်။

ပြခန်းကို ဧပြီ၁ရက်မှ စတင်၍ တနင်္လာနေ့မှအပ ကျန်ရက်များတွင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး နက္ခတ်တာရာပြပွဲအစီအစဉ်များကို ပြခန်းဖွင့်ရက်များ၌ နံနက် ၁၁နာရီနှင့် မွန်းလွဲ ၁နာရီတို့တွင် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

27-3 (05).pmd 1 3/27/2009, 2:59 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးကို အခြေခံသောစက်မှုလုပ်ငန်းများ အဓိကထူထောင် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်

ရန်ကုန် မတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မတ် ၂၃ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တိုးချဲ့ထုတ်လုပ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ အဓိက ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် စားသုံးကုန်ပစ္စည်းများဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများကို အဓိကထူထောင်ပြီး သွင်းကုန်အစားထိုးကုန်ပစ္စည်းများကိုလည်း တိုးချဲ့ထုတ်လုပ်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုအပ်သည်များကို ရှင်းလင်းပြောကြားကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training တို့ စာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training (CVT) တို့ ပူးပေါင်း၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများသင်ကြားပို့ချရန် နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲကို မတ် ၂၁ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း သစ်အခြေခံ စက်မှုနည်းပညာ သင်တန်းဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က အမှာစကားပြောကြားပြီး Center for Vocational Training (CVT) မှ ဒါရိုက်တာဒေါ်ယဉ်ယဉ်အေးက (CVT) သင်တန်းကျောင်းအကြောင်းကိုလည်းကောင်း၊ Furniture Maker သင်တန်းတာဝန်ခံ ဦးဇော်မင်းထွဋ်က သင်တန်းအကြောင်းကို လည်းကောင်းရှင်းလင်းပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် သင်တန်း ကျောင်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမိုးသော်နှင့်(CVT) ဒါရိုက်တာဒေါ်ယဉ်ယဉ်အေးတို့က ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများသင်ကြားပို့ချရန် နားလည်မှု စာချွန်လွှာကို လက်မှတ် ရေးထိုးကြပြီး **(အပေါ်ဝဲပုံ)** မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်စိ အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသမှု ဖြူးမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေး

ရန်ကုန် မတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့်ဖြူးမြို့နယ် မြို့မိ မြို့ဖများ ပူးပေါင်းဆောင်ရွက်သော မျက်စိအခမဲ့ကွင်းဆင်းခွဲစိတ်ကုသခြင်းကို မတ်၁၉ရက်မှ ၂၁ရက်အထိ ဖြူးမြို့နယ်

ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပါမောက္ခ ဒေါက်တာဦးကံညွန့်(ငြိမ်း)နှင့် ပါမောက္ခ ဒေါက်တာဦးတင်ဝင်း(ပါမောက္ခ၊ ဌာနမှူး၊ မျက်စိပညာဌာန၊ ဆေးတက္ကသိုလ်-၁)တို့ ဦးဆောင်သော ရန်ကုန်မျက်စိဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ စုစုပေါင်း၄၀ ပါဝင်သောအဖွဲ့တို့က မျက်စိအခမဲ့ကွင်းဆင်း ခွဲစိတ်ကုသပေးခဲ့ကြသည်။ **(ဝဲပုံ)**

ကုသပေး

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်းခွဲစိတ်ကုသပွဲကို ဖြူးမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းလွင်နှင့်အဖွဲ့၊ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဆောင်ရွက်ပေးမှုကြောင့် မျက်စိခွဲစိတ်ကုသသူ ၆၄၃ဦး၊ မျက်မှန်တပ်ဆင်ပေးသူ ၁၅၀၉ဦး၊ မျက်စဉ်းခတ်ခြင်းနှင့် ဆေးကုသပေးသူ ၂၆၂၄ဦး တို့အား ကုသပေးနိုင်ခဲ့သည်။ **(သတင်းစဉ်)**

ပထမတန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ SARA F.C အသင်း အနိုင်ရဗိုလ်စွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ ပထမတန်းကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၂၁ရက် ညနေ၃နာရီခွဲက အောင်ဆန်းကွင်းတွင် ကျင်းပရာ SARA F.C က တပ်မတော်(လေ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားပါတယ်။

SARA F.C -နှစ်ဂိုး တပ်မတော်(လေ)-ဂိုးမရှိ

ပထမအဆင့်မှာ တပ်မတော်(ကြည်း)အသင်း၊ အကြိုဗိုလ်လုပွဲမှာ ပထမတန်း အမှတ်ပေးချန်ပီယံ အားကစားဝန်ကြီးဌာန တို့ကို ဖြတ်ကျော်အနိုင်ရလာတဲ့ SARA F.C ဟာ အခုဗိုလ်လုပွဲမှာလည်း တပ်မတော်(လေ)ကို အနိုင်ယူပြီး ကွင်းပိတ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ SARA F.C မှာ သန်းဝဏ္ဏအောင်၊ ညွန့်ဝင်း၊နိုင်ဝင်း စတဲ့ အဆင့်မြင့်တန်း ကစားသမားဟောင်းအချို့ ပါဝင်လာခဲ့သလို တပ်မတော်(လေ) အသင်းမှာလည်း မြန်မာ့လက်ရွေးစင်ဟောင်း တင်မင်းထွန်း ပါဝင်ကစားခဲ့ပါတယ်။ ဗိုလ်လုပွဲဖြစ်လို့ ခြေအရ ကွာခြားမှု သိပ်မရှိပေမယ့် တပ်မတော်(လေ)အသင်းက ကစားပုံ ကြမ်းခဲ့တာကြောင့် ပုံမှန်ကစားကွက်ပျောက်ပြီး အရေးနိမ့်ခဲ့ရတာပါ။

ဖွေဆော်ဦးဂိုး

ပထမပိုင်းမှာတော့ နှစ်သင်းစလုံးဟာ ကွင်းလယ်ကစားပုံကောင်းပေမယ့် တိုက်စစ်ရောက်ရင် အမှားများနေတာကြောင့် တိုက်စစ်ကထင်သလောက် အားမပါခဲ့ပါဘူး။ ဒါ့အပြင် တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်ခဲ့တာကြောင့်လည်း SARA F.C ရော တပ်မတော်(လေ)ပါ ဂိုးရဖို့ ရှန်းကန်ခဲ့ရပါတယ်။ တပ်မတော် (လေ)က ကျော်ကျော်ထွန်းနဲ့ ဇော်နိုင်တို့ ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့သလို SARA F.C ကလည်း နိုင်ဝင်း၊ အောင်အောင်ဟိန်းနဲ့ သန်းဝဏ္ဏအောင်တို့ အခွင့်အရေးတွေကို လွဲချော်ခဲ့ကြပါတယ်။ ပထမပိုင်း မိနစ် ၃၀ နောက်ပိုင်းမှာ SARA F.C က ပိုဖိလာနိုင်ပြီး ပထမပိုင်းပြီးခါနီး ထပ်ဆောင်းဖြည့်ပေးချိန် နှစ်မိနစ်မှာ ကွင်းလယ်လူ ညွန့်ဝင်းက ဘယ်ခြမ်းကနေ ဂိုးဧရိယာထဲ ဆွဲဝင်ပြီး ကန်သွင်းယူခဲ့လို့ SARA F.C ဖွေဆော်ဦးဂိုး ရသွားပါတယ်။

ဒုတိယပိုင်းမှာ တပ်မတော်(လေ)က အရှုံးဂိုးချေပနိုင်ဖို့ ကြိုးစားပေမယ့် တိုက်စစ်အတွဲဖြစ်တဲ့ ဇော်နိုင်နဲ့ ကျော်ကျော်ထွန်းတို့ ခြေမပေါ်လို့ တိုက်စစ်အားပျော့ခဲ့ရပါတယ်။ SARA F.C ကလည်း အနိုင် သေချာစေဖို့အတွက် ဂိုးထပ်ရဖို့ ကြိုးစား ကစားခဲ့ပါတယ်။ ၇၃မိနစ်မှာ သန်းဝဏ္ဏအောင်၏ ထိုးဖောက်မှုကို တပ်မတော်(လေ)က နိုင်နိုင်ထွေး ဖျက်ထုတ်တာကြမ်းတယ်ဆိုပြီး ကွင်းလယ်ဒိုင်က ပယ်နယ်တီကန်ခွင့် ပေးခဲ့သလို နိုင်နိုင်ထွေးကိုလည်း နှစ်ဝါ တစ်နီနဲ့ ထုတ်ပယ်ခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို သန်းဝဏ္ဏအောင်ကပဲ ကန်သွင်းယူခဲ့လို့ SARA F.C ဒုတိယဂိုး ရသွားပါတယ်။

ပြိုင်ပွဲများ ပြီးဆုံး

ပထမတန်းပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ အမှတ်ပေးပြိုင်ပွဲမှာ ပထမ-အားကစားဝန်ကြီးဌာန၊ ဒုတိယ-တပ်မတော်(ကြည်း)၊ တတိယ-SARA F.C တို့က ရရှိခဲ့ကြပါတယ်။ ပထမဆုရ အားကစားဝန်ကြီးဌာနက ဆုဖလား၊ ဆင့်ပွားဖလား ဆုတံဆိပ်နဲ့ ငွေကျပ်သိန်း၂၀၊ ဒုတိယဆုရ တပ်မတော်(ကြည်း)က ဆုတံဆိပ်နဲ့ ငွေကျပ် ၁၅သိန်း၊ တတိယဆုရ SARA F.C က ငွေကျပ်၁၀သိန်းတို့ ရရှိခဲ့ပါတယ်။ ကွင်းပိတ်ပြိုင်ပွဲမှာ ပထမဆုရ SARA F.C က တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလား၊ တစ်ဦးချင်းဆုတံဆိပ်နဲ့ ငွေကျပ်၁၅သိန်း၊ ဒုတိယဆုရတပ်မတော်(လေ)က တစ်ဦးချင်းဆုတံဆိပ်နဲ့ ငွေကျပ်၁၀သိန်း ရရှိခဲ့ပါတယ်။ ဂိုးသွင်းအများဆုံးဆုကို အားကစားဝန်ကြီးဌာနမှ ကျော်ကိုကို-၂က ၁၈ဂိုးနဲ့ ရခဲ့ပြီး ရွှေဖိနပ်နဲ့ ငွေကျပ်သုံးသိန်း ဆွတ်ခူးရရှိသွားပါတယ်။ ဆုရရှိသူများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ ဘဏ္ဍာရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ပထမတန်း ကွင်းပိတ်ချန်ပီယံ SARA F.C ဘောလုံးအသင်းကို တွေ့ရစဉ်။

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံ

မတ်၂၁ရက်က ဖွင့်လှစ်ခဲ့သော ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ကျိုင်းတောင်းရေတံခွန်နှင့်အတူ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	မြေလမ်းမိုင်	-	၃၈၃၄/၃	၃၈၃၄/၃
၂	ကျောက်လမ်းမိုင်	-	၂၆၈၃/၀	၂၆၈၃/၀
၃	ကတ္တရာလမ်းမိုင်	-	၄၄၈/၁	၄၄၈/၁
၄	တံတားကြီး	-	၈၈	၈၈
၅	တံတားငယ်	-	၁၁၂၇	၁၁၂၇
၆	ကြိုးတံတား	-	၅၄	၅၄
၇	ဆေးရုံ	-	၈၀	၈၀
၈	ဆေးပေးခန်း	-	၁၀၂	၁၀၂
၉	ကျေးလက်ကျန်းမာရေးဌာန	-	၆၂	၆၂
၁၀	ကျေးလက်ကျန်းမာရေးဌာနခွဲ	-	၁၃၉	၁၃၉
၁၁	မူ/လယ်/ထက် ကျောင်း	-	၈၅၅/၉၀/၉၂	၈၅၅/၉၀/၉၂
၁၂	စိုက်ပျိုးရေးရုံး	-	၃၁	၃၁
၁၃	စိုက်ပျိုးရေးစခန်း	-	၁၁၈	၁၁၈
၁၄	ဆည်	-	၆၀	၆၀
၁၅	တူးမြောင်း	-	၅	၅
၁၆	ထွန်စက်စခန်း	-	၁၁	၁၁
၁၇	ကြိုးဝိုင်း(သတ်မှတ်ပြီး/စီစဉ်ဆဲ)	-	၁၁/၁၄	၁၁/၁၄
၁၈	ပျိုးဥယျာဉ်	-	၁၄	၁၄
၁၉	မွေးမြူရေးခြံ	-	၂၀	၂၀
၂၀	တိရစ္ဆာန်ဆေးကုရုံး	-	၄၁	၄၁
၂၁	လျှပ်စစ်မီးစက်	-	၂၆၈	၂၆၈
၂၂	ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	-	၁၁၂	၁၁၂
၂၃	စာတိုက်	-	၅၃	၅၃
၂၄	တယ်လီဖုန်းလုပ်ငန်း	-	၈၅	၈၅

ချင်းပြည်နယ် ဖလမ်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဂျိုင်း(ကော့ကရိတ်)တံတားကြီး

ကရင်ပြည်နယ် ဘားအံမြို့ အရှေ့ဘက် ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်း မိုင်တိုင် အမှတ်(၃၈/၄) ဂျိုင်းကျေးရွာအနီးရှိ ဂျိုင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဂျိုင်း(ကော့ကရိတ်)တံတားကြီး။ (မြန်မာ့အလင်း)

ပြိုင်းချောင်းရေလှောင်တမံ

နွေစပါးနှင့် အခြားသီးနှံဧက ၅၀၀၀ကို ရေပေးဝေလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်က ပြိုင်းချောင်းရေလှောင်တမံ။ (မြန်မာ့အလင်း)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun တို့တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E.Mr. Li Changchun တို့သည် ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E.Mr. Li Changchun တို့ နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို တက်ရောက်သည်။

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun နှင့် အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိလာကြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား စွမ်းအင် အုပ်ချုပ်ရေးမှူး မစ္စတာကျန်းကောပေါင်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကို စတင်ကျင်းပရာ ရှေးဦးစွာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E.Mr. Li Changchun က ပြန်လည်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်း ကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှု တိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ စက်မှုကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ မွန်းလွဲ ၂နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသား စွမ်းအင် အုပ်ချုပ်ရေးဌာနအကြား လက်မှတ်ရေးထိုးမည့် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် အရင်းအမြစ် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အခြေခံမှုများဆိုင်ရာ သဘောတူညီချက် စာချုပ်ကို အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် အမျိုးသားစွမ်းအင် အုပ်ချုပ်ရေးမှူး မစ္စတာ ကျန်းကောပေါင်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချုပ် (Cooperation Agreement between the Government of the Union of Myanmar and the Government of the People's Republic of China on the Myanmar- China Oil and Gas Pipelines) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားစွမ်းအင် အုပ်ချုပ်ရေးမှူး မစ္စတာကျန်းကောပေါင်တို့ လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးဌာနအကြား လက်မှတ်ရေးထိုးမည့် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်အရင်းအမြစ်ဖွံ့ဖြိုးမှု လုပ်ငန်းများဆောင်ရွက်ရန် အခြေခံမူများဆိုင်ရာ သဘောတူညီချက်စာချုပ် [Framework Agreement on Development of Hydropower Resources in the Union of Myanmar between National Administration of the People's Republic of China and the Ministry of Electric Power No(1) of the Union of Myanmar] ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးမှူး မစ္စတာကျန်းကောပေါင်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချုပ်ဆိုမည့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်အကြား ချုပ်ဆိုမည့် စီမံကိန်းများအတွက် ဝယ်သူ့ချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌ မစ္စတာ လီရောကုတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အပြန်အလှန်လဲလှယ်

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန် ဘဏ်အကြား ချုပ်ဆိုမည့် စီမံကိန်းများအတွက် ဝယ်သူ့ချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ် (Memorandum of Understanding Regarding Buyer's Credit For Constructions Projects between the Export- Import Bank of China and the Ministry of Finance and Revenue of the Union of Myanmar) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌ မစ္စတာလီရောကုတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

သဘောတူစာချုပ်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချုပ်ဆိုမည့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Agreement on Economic and Technical Cooperation between Government of the Union of Myanmar and the Government of the People's Republic of China) ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ဖနာရီခွဲတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ကြိုဆို

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ကြိုဆိုသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

27-3 (09).pmd 1 3/27/2009, 2:59 AM

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် မတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား Exim Bank ဥက္ကဋ္ဌနှင့် အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား Exim Bank ဥက္ကဋ္ဌ Mr. Li Ruo Gu နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်-မြန်မာ အပြန်အလှန် အသိအမှတ်ပြု ITPEC စာမေးပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ Information Technology Promotion Agency (IPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပမည့် ဂျပန်-မြန်မာ အပြန်အလှန် အသိအမှတ်ပြု (Japan-Myanmar Cross Certification - ITPEC Exam) စာမေးပွဲကို ဧပြီ၂၆ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

နံနက်ပိုင်းမေးခွန်းကို နံနက်၉ နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ၊ ညနေပိုင်းမေးခွန်းကို မွန်းလွဲ ၁နာရီခွဲမှ ညနေ ၄ နာရီအထိ ဖြေဆိုရမည်ဖြစ်သည်။ ITPEC စာမေးပွဲအတွက် အနီးကပ်သင်တန်းကို မတ် ၃၀ရက်မှစတင်၍ ဧပြီ၁၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးအခမဲ့ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center ၌ တက်ရောက်နိုင်သည်။ စိတ်ဝင်စားသူများ အနေဖြင့် ဝင်ရောက် ဖြေဆိုနိုင်ရန် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်အဆောက်အအုံရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၁၀၇နှင့် ၇၀၇၅၀၃ တို့သို့ စုံစမ်း မေးမြန်းနိုင်ပြီး လျှောက်လွှာများကို ဧပြီ ၂၃ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ ယင်း ITPEC စာမေးပွဲများကို ရောဝတီတိုင်း ပုသိမ်မြို့၌လည်း ဧပြီ၂၆ရက်တွင် တစ်ပြိုင်တည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MCPA Software Developer Conference ကျင်းပမည်

ရန်ကုန် မတ် ၂၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ မြန်မာနိုင်ငံရှိ Software နည်းပညာရှင်များကြားတွင် မိမိတို့တတ်မြောက်ထားသော နည်းပညာများနှင့် အတွေ့အကြုံများကို ဖလှယ်ရန် မြန်မာလူငယ်များ Software နည်းပညာအကြောင်း၊လုပ်ငန်းလုပ်ကိုင်ပုံအကြောင်းများကို ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ MCPA Software Developer Conference ကို မတ်၂၈ ရက် (စနေနေ့) နံနက်၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိလည်းကောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ Conference Hall ၌ မြန်မာနိုင်ငံရှိ ထိပ်တန်း Software နည်းပညာ ကုမ္ပဏီများဖြစ်ကြသော ACE Data System, Bizsoft Business Information System Ltd., MCC Co., Ltd. နှင့် MIT Pte., Ltd. စသော ကုမ္ပဏီများမှ IT Executive, Project Manager နှင့် Software Developer များမှ Software Developer ကောင်းတစ်ယောက် ဖြစ်လာစေရန် ကြိုးစားခဲ့ရပုံများ၊ လေ့လာဆည်းပူးခဲ့ရသည့် နည်းပညာရပ်များနှင့် ၄င်းတို့၏ နိုင်ငံတကာ Software အတွေ့အကြုံများကို ဆွေးနွေး ပြောကြားသွားမည်ဖြစ်သည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှုဆောင်များ အပါအဝင် ဟောပြောခဲ့သော Speakers များက Software နည်းပညာ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ Open Discussion ဆွေးနွေးပေးသွားမည်ဖြစ်သည်။

The Live News ဂျာနယ် အမှတ်(၁၂၅) ထုတ်ဝေဖြန့်ချီ

ရန်ကုန် မတ် ၂၆

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်စဉ်(၁၂၅)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ဩဝါဒခံယူပွဲ၊ မြင်းမူမောင်နိုင်မိုး၏ ယဉ်ပါးစေခြင်း၊ နီမင်းဆွေ၏ အန္တေးထည်ခြုံကာလွှမ်းလို့ သူ့ခေါင်းမှာလည်း ချယ်ရီပန်းကဝေ၊ ကိုကိုလှိုင်၏ အမေရိကန်ကာကွယ်ရေးမူဝါဒလမ်းခွဲ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက အခြေခံအဆောက်အအုံ (Infrastructure)ရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၃)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည်အပိုင်း(၁၉)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂၈)၊ အာရှမိုး၏ အမေရိကန် စီးပွားရေး ကျဆင်းမှုဂယက်နှင့် နိုင်ငံတကာငွေကြေး ဒေါ်လာ ၅၀ ထရီလီယံ ပျောက်ဆုံးမှု၊ မိုး(ပျဉ်းမနား)၏ စိတ်ကူးယဉ်၊ စည်ပင်ပိုင်ဈေးများအတွင်း ဓာတုဆိုးဆေးအသုံးပြုသူ ဈေးသည် ၁၀၀ ကျော်တွေ့ရှိ နောက်တစ်ကြိမ် စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်၊ ကမ္ဘာ့လေကြောင်းလိုင်းများ အရှုံးပေါ်လျက်ရှိကြောင်း နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့က ပြောဆို၊ အီရတ်မှ အမေရိကန်တပ်များ ရုပ်သိမ်းလျှင် အမြတ်ထွက်မည့်နိုင်ငံမှာ တူရကီလော၊ **ကုမ္ပဏီများက ချီးမြှင့်သော အပိုဆုကြေးပေါ်တွင် အခွန်စည်းကြပ်ရန် တင်သွင်းသည့် ဥပဒေကြမ်းအား အမေရိကန်အောက်လွှတ်တော် အတည်ပြု၊** အီရန်နိုင်ငံအား ငြိမ်းချမ်းရေး သံလွင်ခက် ကမ်းလင့်လာသော အမေရိကန်၊ စံချိန်တင် မြင့်မားလာသော အမေရိကန် အလုပ်လက်မဲ့နှုန်း၊ အာဆီယံအရေးပေါ် ရန်ပုံငွေကိစ္စ မေလတွင် အပြီးသတ်ဆွေးနွေးမည်၊ မိဘချစ်၊ မောင်နှမချစ်တွေရှိလို့ ကျန်တဲ့အချစ် မလိုပါဘူးဆိုတဲ့ ဝိုင်းစုခိုင်သိန်း၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care(Distribution Service)အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀-၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆက်သွယ်စုံစမ်း

ယင်းဆွေးနွေးပြောကြားပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software လုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြသော Software Developer, Software နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များနှင့် မိဘများ၊ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု လက်ပံတန်းနှင့်ပေါင်းတည်မြို့နယ်တို့၌ ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန် မတ် ၂၆

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော လက်ပံတန်းမြို့ ကန်ကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်တွင် အဆိုပါလမ်းသစ်ထိပ်၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းက လမ်းဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မအူခုံရပ်ကွက်နေ ဦးရဲထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်ခိုင်နှင့် အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က လမ်းတစ်လျှောက် လိုက်လံကြည့်ရှု စစ်ဆေးသည်။

အဆိုပါကတ္တရာလမ်းသစ်သည် ၁၅၈၄ ပေအရှည်ရှိပြီး ၁၂ ပေကျယ်သည်။

အလားတူ ပေါင်းတည်မြို့အနောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယင်းနေ့တွင် အဆိုပါလမ်းသစ်ထိပ်၌ ကျင်းပရာ ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်က လမ်းဖြစ်မြောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မင်းကွက်(၃)ရပ်ကွက်နေဦးတင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှု

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ညွှန်ကြားရေးမှူးချုပ်က လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် ပေ ၂၄၀၀ အရှည်ရှိပြီး ၁၂ ပေကျယ်သည်။

ဆောင်ရွက်ပြီးစီး

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း (၁၅/၃)မိုင်၊ မြို့ပြတံတားအစင်း ၂၀၊ မြို့ပြ ရေပေးရေးလုပ်ငန်း ၁၂ ခုနှင့် ကျေးလက် လမ်း (၅၀/၂)မိုင်၊ ကျေးလက်တံတား အစင်း ၄၀၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၉၄၃ခု တို့ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက် လျှောက်ထားကြရန် နှိုးဆော်

ရန်ကုန် မတ် ၂၆

အသားစားကြူးသော အာဖရိက ငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြား ငါး၊ ပုစွန် စသော ရေနေသတ္တဝါများမျိုးပြုန်းတီးမှုဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁)ဖြင့် အာဖရိကငါးခူမျိုးများ မွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း ၁ ရက် ဇီဝိတဒါန ငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူ သားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများမပြုလုပ်ကြရန် သတိပေးထားသည်။

ဆက်သွယ်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့်ရန်ကုန်တိုင်း လှော်ကားငါးလုပ်ငန်းစခန်း၊လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်း၊ ကန်တော်ကြီးရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာ သက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

ထို့အပြင် အများပြည်သူနှင့် သက်ဆိုင်သောနေရာ၊ ဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက် အရောင်းဌာနများဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြပါရန် နှိုးဆော်ထားသည်။

ဝယ်ယူနိုင်

ငါးသားပေါက်များ ဆက်သွယ်ဝယ်ယူလိုပါက ဖုန်း ၀၁-၂၂၅၅၈၆၊၂၂၅၅၅၃၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉ နှင့် ၅၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ အောင်လံမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ ချောက်မြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ဒသမ ၀၇ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၂၇ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား TATA Motors Limited မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ယနေ့နံနက်ပိုင်းတွင် TATA Motors Limited မှ Mr. Manas Kumar Mishra ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် TATA Motors Limited တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှုစက်ရုံစီမံကိန်း အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်း စတင်လည်ပတ်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာ ပညာရှင်အသင်း၏ ဆွေးနွေးပွဲ

ရန်ကုန် မတ် ၂၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)မှ ကြီးမှူးပြီး မြန်မာနိုင်ငံရှိ Software နည်းပညာရှင်များကြားတွင် မိမိတို့ တတ်မြောက်ထားသော နည်းပညာများနှင့် အတွေ့အကြုံများကို ဖလှယ်ရန်၊ မြန်မာလူငယ်များ Software နည်းပညာအကြောင်း လုပ်ငန်းလုပ်ကိုင်ပုံ အကြောင်းများကို ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ MCPA Software Developer Conference ကို မတ်၂၈ရက်(စနေနေ့) နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ လည်းကောင်း၊ မွန်းလွဲ၁နာရီမှ ညနေ ၅နာရီအထိလည်းကောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ Conference Hall တွင် ဆွေးနွေးပြောကြားမည်ဖြစ်ရာ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(မြန်မာ့အလင်း)**

စနူကာ(လူသစ်တန်း)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

ရန်ကုန် မတ် ၂၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် International Beverage Trading Co., Ltd. တို့ ပူးပေါင်းကျင်းပသော Grand Royal Special Reserve Snooker (လူသစ်တန်း)ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာတွင် မတ် ၂၃ရက် ညနေ ၃နာရီက ကျင်းပရာ ပြိုင်ပွဲ၌ ပထမရရှိသော ရဲဇော်ထွဋ်အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူးဦးဝင်းမြင့်က ဆုငွေကျပ် ၂၀၀၀၀၀နှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ ဒုတိယဆုရရှိသော မျိုးမင်းအောင်အား ဦးတင်အောင်ကျော်(IBTC)က ဆုငွေကျပ် ၁၀၀၀၀၀နှင့် ဆုတံဆိပ်တို့ကိုလည်းကောင်း တတိယဆုရရှိသော မိုးအောင်သူအား ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာမှ တာဝန်ရှိဦးအောင်ကျော်ဆန်းက ဆုငွေကျပ် ၅၀၀၀၀နှင့် ဆုတံဆိပ်ကိုလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ဆက်မည်

ဆက်လက်၍ Snooker အကြီးတန်း Championship 2009 ပြိုင်ပွဲကို မတ် ၂၈ရက်မှ ဧပြီ ၂ရက်အထိလည်းကောင်း၊ Billiards အကြီးတန်းပြိုင်ပွဲကို ဧပြီ ၃ရက်မှ ၁၀ရက်အထိလည်းကောင်း ရန်ကုန်မြို့ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ ကမာရွတ်မြို့နယ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အား/ကာ)**

မီး အစဉ်သတိပြု



ရန်ကုန် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အင်းစိန်ခရိုင်ရုံး၏ (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို မတ်၂၄ ရက်က ခရိုင်ရုံးရှေ့၌ကျင်းပရာ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ၂၀၀၅-၂၀၀၆ချန်ပီယံ စွမ်းအင်အသင်းတို့ အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲ ဗိုလ်လုပွဲနွှဲကြရမည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း)ကွင်းပိတ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနဲ့ စွမ်းအင်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားကြပါတယ်။

အောင်ဆန်းကွင်း

စွမ်းအင်-သုံးဂိုး စီးပွား/ကူးသန်း-သုံးဂိုး

ပထမအကျော့

ပထမအကျော့တုန်းက ပွဲပြီးခါနီးသွင်းဂိုးတွေနဲ့ အနိုင်ရထားတဲ့စွမ်းအင်အသင်းဟာ စီးပွား/ကူးသန်းကို အခုဒုတိယအကျော့မှာလည်း သရေကစားပြီး ဗိုလ်လုပွဲတက်မယ့် အခွင့်အရေးကို အမိအရဆုပ်ကိုင်သွားနိုင်ပါတယ်။ စီးပွား/ကူးသန်းအသင်းကတော့ အခုနှစ် ဘောလုံးရာသီမှာ အမှတ်ပေးချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးပြီးနောက်ပိုင်း အခုကွင်းပိတ်ပြိုင်ပွဲမှာလည်း အောင်မြင်မှုရဖို့ ကြိုးစားခဲ့ပေမယ့် စွမ်းအင်အသင်းကို မကျော်နိုင်ခဲ့တာကြောင့် မျှော်လင့်ချက်တွေနဲ့ အဆုံးသတ်ခဲ့ရပြီဖြစ်ပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ ပထမအကျော့တုန်းက အနိုင်ကိုမထိန်းနိုင်ခဲ့လို့ ရှုံးပွဲနဲ့ကြုံတွေ့ခဲ့ရသလို အခုပွဲမှာလည်း နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးတွေရခဲ့ပေမယ့် အနိုင်ကိုမထိန်းနိုင်လို့ ဂိုးတွေပြန်ပေးရပြီး အနိုင်မယူနိုင်ခဲ့တာပါ။

ထိုးဖောက်

ပွဲအစမှာတော့ စွမ်းအင်အသင်းက အချိတ်အဆက်မိမိနဲ့ စီးပွား/ကူးသန်းဘက်ကို ထိုးဖောက်နိုင်ခဲ့ပါတယ်။ ဇော်လင်းထွန်း ဦးဆောင်တဲ့ခံစစ်ပိုင်းကလည်း အမှားတွေရှိခဲ့ပြီး စွမ်းအင်တိုက်စစ်မှူးတွေကို မထိန်းချုပ်နိုင်ခဲ့ပါဘူး။ အဲဒါကြောင့်ပဲ ပွဲအစ ၁၀မိနစ်မှာ အောင်ကျော်မျိုး ညာခြမ်းကဖြတ်ပို့တဲ့ဘောလုံးကို အသင်းခေါင်းဆောင် ဇော်ထက်အောင်က ဒိုင်ဗင်ထိုး ခေါင်းတိုက်ပြီး စွမ်းအင်အတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပါတယ်။

ရာဇာဝင်းသိန်း၊ ကျော်ဇင်ဝင်း၊ မျိုးမင်းထွန်း၊ ထူးကျော်တို့ရဲ့ စီးပွား/ကူးသန်း တိုက်စစ်ဟာ စွမ်းအင်ဘက်ကို ပြန်ဖိအားပေးခဲ့ပေမယ့် ဘိုဘိုအောင်မပါလို့ ညာတောင်ပံတိုက်စစ်အားပျော့ခဲ့ပါတယ်။ ၂၇မိနစ်နဲ့ ၂၈မိနစ်မှာ ရာဇာဝင်းသိန်းနဲ့ ကျော်ဇင်ဝင်း တွဲလုံးကနေ ကျော်ဇင်ဝင်းက နှစ်ဂိုးဆက်တိုက်သွင်းယူသွားလို့ ပထမပိုင်းအပြီးမှာ စီးပွား/ကူးသန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရနေပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်း ပြန်အစမှာ စွမ်းအင်အသင်း ချေပဂိုးရဖို့ တိုက်စစ်အား မြှင့်လာပြီး ၅၄ မိနစ်မှာ တိုက်စစ်မှူး အောင်ကျော်မျိုးက လှလှပပ ကန်သွင်းပြီး စွမ်းအင်အတွက် ချေပဂိုး ပြန်လည်ရယူခဲ့ပါတယ်။ သရေကျပြီး နောက်ပိုင်းမှာ ပွဲဟာ အကြိတ်အနယ်ရှိခဲ့ပြီး ၆၂ မိနစ်မှာ ကျော်ဇင်ဝင်းက ထောင့်ဖြတ်ကန်သွင်းပြီး စီးပွား/ကူးသန်းအတွက် တတိယဂိုး ထပ်မံ သွင်းယူသွားပါတယ်။ ဇော်လင်းထွန်းနဲ့ ဇော်ဇော်အောင် ခံစစ်အတွဲဟာ အရင်ပွဲတွေက အမှားမရှိခဲ့ပေမယ့် အခုပွဲမှာတော့ အားပျော့နေခဲ့ပါတယ်။ မိုးဝင်းကို ထုတ်မသုံးခဲ့လို့လည်း စီးပွား/ကူးသန်း နောက်တန်းဟာ ဟာကွက်တွေဖြစ်ခဲ့ပြီး ၆၅ မိနစ်မှာတော့ ဗိုလ်လုပွဲတက်စေမယ့် စွမ်းအင်အတွက် ချေပဂိုးကို မျိုးဇော်ဦးက သွင်းယူသွားခဲ့ပါတယ်။ ကွင်းပိတ်ပြိုင်ပွဲဆိုရင် အောင်မြင်မှုရတတ်တဲ့ စွမ်းအင်ကတော့ အမှတ်ပေးချန်ပီယံ စီးပွား/ကူးသန်းကို အနိုင်ယူပြီး ဗိုလ်လုပွဲကို တစ်ကျော့ပြန် ပြန်တက်လာခဲ့ပါတယ်။

စွမ်းအင်အသင်းအား ဗိုလ်လုပွဲတက်စေမည့် အဖိုးတန် ချေပဂိုးကို တိုက်စစ်မှူး မျိုးဇော်ဦးက ဤသို့ သွင်းယူပေးခဲ့သည်။ (မြန်မာ့အလင်း)

သုဝဏ္ဏကွင်း

ဘဏ္ဍာ/အခွန် - တစ်ဂိုး ကမ္ဘောဇ - ဂိုးမရှိ

ပထမ အကျော့တုန်းက လေးဂိုး-နှစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ထားတဲ့ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းဟာ အခု ဒုတိယအကျော့မှာလည်း ထပ်မံ အနိုင်ရပြီး နှစ်ကျော့ပေါင်း ငါးဂိုး-နှစ်ဂိုးနဲ့ ဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။ ဘဏ္ဍာ/ အခွန်ရဲ့ အနိုင်ဂိုးကို ၂၇ မိနစ်မှာ တိုက်စစ်မှူး ရန်ပိုင်က သွင်းယူခဲ့ပါတယ်။

ဗိုလ်လုပွဲကို မတ် ၃၁ရက် **(အင်္ဂါနေ့)** ညနေ ၃နာရီခွဲမှာ အောင်ဆန်းကွင်းမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၂၆

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက်ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်း ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့်အသင်းအား တစ်ဦးချင်း ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်းတစ်ဦးချင်း အကောင်းဆုံးအားကစားသမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက် (Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စည်းမျဉ်းဥပဒေ

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ရက် နောက်ဆုံးထား၍ နေပြည်တော်မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

SD PAINTS CO.,LTD.

SD PAINT

နိုင်ငံတကာအဆင့်မီ ISO 9001 :2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရပြီး

မဟာသင်္ကြန်ပွဲတော်အကြိုအထူးဈေးနှုန်း (၂၀-၃-၂၀၀၉မှ၁၀-၄-၂၀၀၉အထိ)

	အရေအတွက်	ယခင်ဈေး	ယခုဈေး
1/4 LB SD	1ဘူး	250	200
1LB SD	1ဘူး	450	360
1/4 GL SD	1ဘူး	1,160	928
1/4 GL SD (BIG SIZE)	1ဘူး	2,400	1920
1 GL SD	1ပုံး	7,900	6320
5 GL SD	1ပုံး	39,500	31600
	အရေအတွက်	ယခင်ဈေး	ယခုဈေး
1/4 LB ND	1ဘူး	413	330
1LB ND	1ဘူး	1,083	866
1/4 GL ND	1ဘူး	2,990	2392
1 GL ND	1ပုံး	9,990	7992
5 GL ND	1ပုံး	49,000	39200
ရေဆေး (တိုက်ထုတ်ဆေး)	အရေအတွက်	ယခင်ဈေး	ယခုဈေး
1 GL ND	1ပုံး	3290	2632
5 GL ND	1ပုံး	14900	11920
ရေဆေး (တိုက်ထုတ်ဆေး)	အရေအတွက်	ယခင်ဈေး	ယခုဈေး
1 GL NEW TEX	1ပုံး	4,200	3360
5 GL NEW TEX	1ပုံး	20,000	16000

CAPITAL hypermarket

Plan B

MAHAR THINGYAN ASEAN FOOD & FUN FAIR 2009

မဟာသင်္ကြန်အာဆီယံ

27th March - 10th April '09

အစားအသောက်များနှင့်ပျော်ပွဲရွှင်ပွဲ

ပျော်ပြေရေးအစီအစဉ်

- Mr.&Ms. Mahar Thingyan Asean Capital 2009 Contest
- Asean Food & Beverage Festival 2009
- Housewives' Special Program
- Summer Kids Holidays Shows & Contest
- Plan B Model & Dance Shows

No-14(E) Min Nandar Road, Dawbon Township, Yangon. Tel: 553138

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဆီဆုံရပ်၊ မုတ္တမ၊ ပေါင်မြို့နယ်နေ ကျွန်တော်၏သားဖြစ်သူ စလာမွန်(ခ)မောင်ဦးလွင် ၁၀/ပမန(နိုင်) ၁၁၈၈၁၀ သည် မိဘဆွေမျိုးတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်သောကရောက်အောင် အမျိုးမျိုးပြုလုပ်ပြီး နေအိမ်မှ ၎င်း၏ဆန္ဒအလျောက် ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများသည်လည်း မိဘမောင်နှမများနှင့် လုံးဝမသက်ဆိုင်ပါ။ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးမြင့်သိန်း ၁၀/ပမန(နိုင်)၀၂၅၀၇၃

ဆီဆုံရပ်၊ မုတ္တမ။

အမြန်အလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

UPG Co.,Ltd. မှ အောက်ပါဝန်ထမ်းများအလိုရှိသည်

(၁)	Marketing Executive	Graduate/B.B.M/B.B.A/B.P.A	ကျား (၂) ဦး
(၂)	HR Executive	Graduate/B.B.M/B.B.A/B.P.A	ကျား (၁) ဦး
(၃)	Marketing Information Supervisor	Graduate/B.B.M/B.B.A/B.P.A Dip B.M/Dip E.D/Dip M.M	ကျား (၁) ဦး
(၄)	Sub Assistant Engineer(E.P)	B-Tech(MC)/B-Tech(E.P)၊ A.G.T.I(E.P),ITC(E.P)	ကျား (၁) ဦး
(၅)	Computerized Tinting Machine Operator	B.E(Chemical)/B.Sc(IC) B-Tech(Chemical)/B.Sc(Chemistry)	ကျား (၂) ဦး

- ♦ အမှတ်စဉ်(၁၊ ၂၊ ၃နှင့် ၄)အတွက် လုပ်ငန်းအတွေ့အကြုံရှိသူများ၊ အချိန်ပိုဆင်းနိုင်သူများ၊ ကွန်ပျူတာအခြေခံရှိ၍ ကျန်းမာသန်စွမ်းသူများသာ လျှောက်ထားရမည်။
- ♦ အမှတ်စဉ်(၁နှင့် ၂)အတွက် အသက်(၃၅ မှ ၄၅)နှစ်အတွင်းဖြစ်ရမည်။ အမှတ်စဉ်(၃ နှင့် ၄)အတွက် အသက်(၂၅ မှ ၃၅)နှစ်အတွင်း ဖြစ်ရမည်။ အမှတ်စဉ်(၅)အတွက် အသက်(၂၀ မှ ၃၀)နှစ်အတွင်း ဖြစ်ရမည်။
- ♦ အမှတ်စဉ်(၂)အတွက် အင်္ဂလိပ်စာ 4 Skills ကောင်းမွန်ရမည်။ အမှတ်စဉ်(၁ နှင့် ၃)အတွက် လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။
- ♦ အမှတ်စဉ်(၄)အတွက် Auto CAD ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ♦ အမှတ်စဉ်(၅)အတွက် ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။ Colour Blind Test စမ်းသပ်မည်။ Marketing အခြေခံရှိသူ၊ Diploma တစ်ခုခုရရှိသူ ဦးစားပေးမည်။ Customer များနှင့် ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်ကတ်(မိတ္တူ)နှင့်အတူ ၁၇၄/၁၈၈ (ဒုတိယထပ်)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်တွင်ထုတ်ယူ၍ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

TECH

မြန်အောင်မြို့နယ် သပြေကုန်း အထက ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

မြန်အောင်မြို့နယ် သပြေကုန်း အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့် အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ဧပြီ ၅ရက်(တနင်္ဂနွေနေ့)တွင် ကျောင်းသား ကျောင်းသူဟောင်းများက ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်း

ပါဝင် လှူဒါန်းလိုသူများသည် ဒေါ်ဖြူဖြူဝင်းကျောင်းအုပ်ဆရာမကြီး အထက သပြေကုန်း ဖုန်း-၀၄၄-၂၁၅၅၄၊ ဦးသိန်းဝင်း(တရားရုံးချုပ်ရှေ့နေ) ထောက်ကြန့်ဖုန်း-၆၀၀၄၃၈၊ ဦးဝင်းဆွေ-ဒေါ်ရီရီခင် (ပန်နီရိုးများ) ဗဟိုလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၅၁၄၁၁၄၊ ဦးသိန်းမြင့် ဖုန်း-၀၉-၅၀-၈၂၆၉၅၊ ဦးသိန်းမြင့်ဦး (ဆရာပိန်ဝပ်ရှော့) ဖုန်း-၀၉-၅၁-၃၄၈၄၁နှင့် ဦးညွန့်ဝေ ဖုန်း-၀၉-၅၁-၆၃၀၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လားရှိုးမြို့၌ အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်း

လားရှိုး မတ် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း လားရှိုး၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅၀)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၂)နှင့် အိမ်တွင်း လက်မှုလုပ်ငန်း ကြိမ်/ဝါး သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၀ရက် နံနက် ၈နာရီက အဆိုပါ သင်တန်းကျောင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဦးခိုင်ထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် သင်တန်းဆင်း အောင်လက်မှတ်များကို ပြည်နယ်အတွင်းရေးမှူးကလည်းကောင်း၊ သင်တန်းထူးချွန်ဆုများကို အတွင်းရေးမှူး၏ဇနီး ဒေါ်နှင်းသန္တာဦးကလည်းကောင်း အသီးသီးချီးမြှင့်ပေးကြသည်။

ယခု သင်တန်းဆင်းပွဲတွင် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၀)၌ သင်တန်းသူ၃၇ဦး၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၂၂)၌ သင်တန်းသူ ရှစ်ဦးနှင့် အိမ်တွင်းလက်မှုလုပ်ငန်း ကြိမ်/ဝါးသင်တန်း အမှတ်စဉ်(၄)၌ သင်တန်းသူ ခြောက်ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ကြာမြင့်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကုန်သည်လမ်း ကတ္တရာလမ်းဖွင့်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းကတ္တရာလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးစီမံချက်အရ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကုန်သည်လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးတင်ဦးလေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ ကွမ်းလုံ၌ဆွေးနွေး

ကွမ်းလုံ မတ် ၂၂

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ၊ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့်အဖွဲ့သည် မတ် ၂ရက်က ကွမ်းလုံခရိုင်အစည်းအဝေးခန်းမတွင် ဘိန်းအစားထိုး ရော်ဘာစိုက်ပျိုးရေးဆိုင်ရာကိစ္စများ၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းကြသည်။ **(အောက်ပုံ)**

တိုးချဲ့စိုက်ပျိုး

ထို့နောက် မတ် ၃ ရက်တွင် ကွမ်းလုံမြို့နယ် နတ်ချုံကျိုင်းကျေးရွာ၊ ဖာဆန်ကျေးရွာတို့၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ရော်ဘာခင်းနှင့် ၂၀၀၉ခုနှစ်အတွင်း ရော်ဘာဧက၁၀၀၀တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုကြသည်။ (၁၂၃)

မြစ်ကြီးနားမြို့နယ်၌ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံဖွင့် အလှူရှင်များက စာအုပ်စာစောင်နှင့် ရေဒီယိုများ ပေးအပ်လှူဒါန်း

မြစ်ကြီးနား မတ် ၂၃

မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု အထက်မော်ဖောင်းကျေးရွာ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို မတ် ၁၆ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်၌ကျင်းပသည်။

ရှေးဦးစွာ မော်ဖောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်မြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက စာပေမြင့်မှလူမျိုးမြင့်မည် ခေါင်းစဉ်ဖြင့်ဟောပြောသည်။

လက်ခံယူ

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာရှိ ပြည်သူများက စာအုပ်စာစောင် ၅၆၁အုပ်နှင့် ရေဒီယို တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလွမ်းခေါင်က လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇော်မြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွန်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလွမ်းခေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းစာကြည့်တိုက် အဆောက်အအုံကို မော်ဖောင်းကျေးရွာနေ ဗိုလ်ကြီးစိုးတင့် (အငြိမ်းစား)က ငွေကျပ်သုံးသိန်း၊ ကျေးရွာပြည်သူများက ငွေကျပ် သုံးသိန်း စုပေါင်းထည့်ဝင်ကြပြီး ကျေးရွာပြည်သူ များ၏ စုပေါင်းလုပ်အားဖြင့် ဆောက်လုပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွေးချယ်ခံ

ဖေဖော်ဝါရီ ၁၅ ရက်က မန္တလေးချမ်းအေးသာစံမြို့နယ် သမဝါယမ အသင်းစုဖွဲ့စည်းရေး အခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာနတွင် ကျင်းပရာ ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့ဝင်များ သဘာပတိရှေ့တွင် ကတိသစ္စာခံယူစဉ်။ (၀၉၀)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာ၌ဖွင့်

ပူတာအို မတ် ၂၂

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာအုပ်စု ပမ္မတီးကျေးရွာ၌ မတ် ၃ ရက်မှ ၅ ရက်အထိ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ဦးစီးမှူးဦးခင်ဆန်ခင်က စာကြည့်တိုက်မှူးတာဝန်များ၊ စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ မီဒီယာလုပ်ငန်း၊ စာကြည့်တိုက်အဓိပ္ပာယ်ရှင်းလင်းအဆင့်ဆင့် ညွှန်ကြားချက်များ၊ စာကြည့်တိုက်ကွင်းဆင်း လေ့လာမှုမှတ်တမ်းတင်ခြင်း၊ စာအုပ်စုဆောင်းထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပို့ချသည်။

တက်ရောက်

သင်တန်း၌ စာကြည့်တိုက် ၁၀တိုက်မှ ကော်မတီဝင် ၃၀၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်သုံးဦး၊ ကျေးရွာတာဝန်ခံ ၁၀ဦးနှင့် စာဖတ်ဝါသနာရှင် ၃၀ စုစုပေါင်း ၇၃ ဦး တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောမြင့်ထွန်း(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းရုံး လမ်းဝဲယာကပ်တုံးပြုလုပ်ခြင်းကို လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာဦးညွန့်ရွှေ (အငယ်တန်းအင်ဂျင်နီယာ-၂)က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့၌ စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များပြုစုပျိုးထောင်ထားမှုကို ဇန်နဝါရီ ၂၆ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးဆန်းအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရောဝတီတိုင်း စည်ပင်ညွှန်ကြားရေးမှူး ပန်းတနော်မြို့နယ်၌ ကျေးလက်လမ်းစစ်ဆေး

ပန်းတနော် မတ် ၂၅

ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရှည် ၆ဖာလုံရှိ အင်းမ-အင်းတကော-ခရေကန်ကျေးလက်လမ်း(ဗြဲနဲ့ကြီးတိုက်ကုန်းကျေးရွာလမ်းပိုင်းမှ ဗြဲနဲ့ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းပိုင်း) ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မတ်၂၂ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

မင်းပြားမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

မင်းပြား မတ် ၂၂

မင်းပြားမြို့တွင် ကျေးရွာများသို့ ဌာနဆိုင်ရာများ ဒေသဖွံ့ဖြိုးမှုကွင်းဆင်း ဆောင်ရွက်သည့်လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးစိုးအောင်က နွေစပါး၊ ဆောင်းသီးနှံစိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာအလိုက်ဆွေးနွေးတင်ပြရာ မြို့နယ်ဥက္ကဋ္ဌဦးနေလင်းထွန်းက ပြန်လည်သုံးသပ်ဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်ထိုမြို့နယ်စည်ပင် တံတားတည်ဆောက်

ကျိုက်ထို မတ် ၁၈

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ဆောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ငှက်ပျောတော-ဆင်တွင်းလမ်းပိုင်းပေါ်ရှိ ကဒတ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကို မတ် ၁ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တီးတိန်မြို့ ဈေးအဝင်လမ်း ကျောက်ချောခင်း လုပ်ငန်းဆောင်ရွက်

တီးတိန် မတ် ၂၀

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော မြို့မဈေးအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးလျန်ကျင့်ခိုင်က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ရက်က အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တံခါး၌ သုတတံခွန် ကျေးလက်စာကြည့်တိုက်ဖွင့်

ကျောက်တံခါး မတ် ၂၀

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာအုပ်စု ရှမ်းဒိုးတန်းကျေးရွာ သုတတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၂ ရက် နံနက်က အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် အဆောက်အအုံအလှူရှင် ဦးကျော်ဇင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်ဦးကျော်ဇင်မိုးက အဆောက်အအုံ လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမောင်မောင်ဇော်က စာကြည့်တိုက်ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်စာပေ ဖတ်ရှုရေး ဆွေးနွေးပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စေတနာရှင်အလှူရှင်များက သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ဖေဖော်ဝါရီ ၂၇ရက်က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် အိမ်မဲမြို့ ရွာသစ်-ပဒက် ကျေးလက် ကျောက်ချောလမ်းခင်းမည့်လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ကျိုက်ထိုမြို့ စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၆

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက်ရှိ စကားဝါလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က အဆိုပါ လမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး တောက်ထွန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်ကို ပေးအပ်သည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့က စကားဝါလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာလှပရေး

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဖေဖော်ဝါရီ ၁၇ ရက်က ပုလောမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမင်းအောင်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေါက်တောမြို့ အမှတ် (၂)ရပ်ကွက် မင်းစောမွန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ရွှေကူမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရွှေကူ မတ် ၁၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော် ကန်တော့ပွဲကို ဧပြီ ၂၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက(၁) ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ကန်တော့ပွဲ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

လှူဒါန်းနိုင်

အလှူငွေများကို ဦးကျော်ဝင်း ကျောင်းအုပ်ဆရာကြီး-အထက-(၁) ဖုန်း-၀၇၄-၅၂၀၂၈၊ ဦးဝင်းမောင်သိန်း ဖုန်း-၀၇၄-၅၂၀၅၆၊ ဦးအောင်နိုင်ဖုန်း-၀၇၄-၅၂၁၁၉၊ ဒေါ်သီသီ(ပြာဒီးကိတ်)ဖုန်း-၀၇၄-၅၂၂၅၄၊ ၅၂၂၂၇၊ ဒေါ်ဝါဝါကို (အထက-၁)ဖုန်း-၀၇၄-၅၂၀၃၄နှင့် ဦးသိန်းနိုင် (စာရင်းရုံး)ဖုန်း-၀၇၄-၅၂၂၈၆၊ ၅၂၀၀၃ တို့သို့ ဆက်သွယ် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ် နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက် ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်ငါးသိန်း၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၁-၂၉၁၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လိုင်ပီအန်လိုင်ဆန် ဓမ္မတရားနာ အစည်းအဝေးဖိတ်ကြားခြင်း

လိုင်ပီအန်ဘာသာအဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၁)ကြိမ်မြောက် လိုင်ပီအန်လိုင်ဆန် ဓမ္မတရားနာအစည်းအဝေးပွဲနှင့်တမန်တော်မြတ်ကြီး ပေါကျင့်ဟော နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ချင်းပြည်နယ်၊ တီးတိန်မြို့၊ လိုင်ပီအန်အဖွဲ့ချုပ် ရုံးဝင်းအတွင်း ၇-၄-၂၀၀၉ ရက်မှ ၁၀-၄-၂၀၀၉ ရက်အထိ ဓမ္မတေးသရုပ်ဖော် ရိုးရာအတီးအမှုတ်၊ အဆိုအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဘာသာဝင်များနှင့် စိတ်ပါဝင်စားသူများအား ဖိတ်ကြားအပ်ပါသည်။ **လိုင်ပီအန်အဖွဲ့ချုပ်။**

စာအုပ်စာပေ လူ့မိတ်ဆွေ

ရောင်းမည်

1BN၊ ၄၁ ရပ်ကွက်၊ မြောက်ဒဂုံ

ကျပ် ၂၃၅ သိန်း၊

ဖုန်း-၀၉-၅၁-၇၆၈၁၀။

မီးသတိပြု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သင်္ဃန်းကျွန်းမြို့နယ် တရားမရုံးတော်၌

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးစိုးနိုင် နှင့် ၁။ ဒေါ်သန်းသန်းညွှန့် ၂။ ဒေါ်သန်းသန်းအေး

တရားလို **တရားပြိုင်များ**

(ယခင်) တောင်ဥက္ကလာပမြို့နယ်၊ ၉ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်-၃၅၇နေ (ယခုနေရပ်လိပ်စာမသိ) ဒေါ်သန်းသန်းညွှန့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအား လက်ဝယ်ထားရှိ အကျိုးခံစားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၉ခုနှစ် မတ် ၃၁ရက်(၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် မတ် ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဥမ္မာညွှန့် (တ/၁၈၆၉)

တွဲဖက်မြို့နယ်တရားသူကြီး(၁)

သင်္ဃန်းကျွန်းမြို့နယ်တရားရုံး။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun အား လက်ခံတွေ့ဆုံသည်။ (ဝဲပုံ) *စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း

(၆၄) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

- ဂုဏ်ရည်မြင့်မား တပ်မတော်သား

မျိုးမင်းနိုင်၏ ကဗျာ စာ - ၃

- တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများကဏ္ဍ

စာ - ၇

- ပြည်သူ့အတွက် တပ်မတော်

မြင်းမူမောင်နိုင်မိုး၏ ကဗျာ အထူးထုတ် (စာ - ဂ)

- အမျိုးသားရေးအတွက် တပ်မတော်က အမြဲအသင့်ရှိသည်

စည်သူအောင်၏ဆောင်းပါး အထူးထုတ် (စာ - ဃ၊ ခ၊ ဂ)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H. E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H. E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ် ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။ *စာမျက်နှာ ၉ ကော်လံ ၅* *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် **H. E. Mr. Li Changchun** အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း **သတင်းအညွှန်း**

သစ်တောရေးရာဝန်ကြီးဌာန နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသတင်းကို စာမျက်နှာ ၄ နှင့် ၅ တွင် ဖတ်ရှုနိုင်ပါသည်။